အတွဲ ၆။ အမှတ် ၆။

# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ တပို့တွဲလဆုတ် ၃ ရက် (၉-၂-၇၄)



## ပြည်ထောင်စုနေ့




စနေနေ့တိုင်း ထုတ်ဝေသည်။


ရွာတရွာတွင် အရပ်ထဲလျှောက်လည်၍ ဆော့တတ်သော သားအား ဖခင်က—
ကရင်လေး သာဂိသည် ဗမာလေး နီတွတ်၊ ကချင်လေး ခွမ်လုံးနှင့် တွေ့ကြသောအခါ
သာဂိ - နင် - ညည - တွ်ကြာ - လျှောက်လည် - ညောင်ပင်ကြီး က - သရဲ - နင့်ကို ကိုက်စားလိမ့်မယ် ××× ××××
ဟို—ဖထီးကပြောတယ် ရွာထဲမှာ - သရဲရှိသတဲ့ ။ မျက်စိကြီး က××××××
အေးကွ ။ ဒို့ အဘလဲပြောတယ် ။ သရဲက - ဂုတ်ချိုးစားသတဲ့
အေးကွာ ပြောကြတာဘဲ
တနေ့တွင် ရခိုင်လေး သာဒွန်းအောင်နှင့် ရှမ်းကလေး စဝ်ဟုံဖတို့သည် ညောင်ပင်တွင်
ထိုအခိုက် ကယားလေး ဝဏ္ဏ၊ မွန်ကလေး မွန်စံပနှင့် ချင်းကလေး လျံအုပ်တို့ ရောက်လာပြီး
ဟဲ့ - ဘာလုပ်နေကြလဲ
ဟုတ်လား ။ ငါလဲ ဖိုင်းမယ်
အေး— ငါတို့လဲပါမယ်
နီတွတ်တို့၊ သာဂိတို့ ခွမ်လုံးတို့ကိုလဲ ခေါ်ခဲ့မယ်
ထိုညတွင်
ဟဲ — သန်းခေါင်ကျော်တွန်ပြီ ။ ချိန်းထားတဲ့ အတိုင်း - သရဲ စုပေါင်း လေ့လာရေး - လုပ် ရတော့မယ် ။
တော်ပါသေးရဲ့— အိုက်လို့ အိမ်တံခါးဖွင့် အိပ်ကြ လို့သာ လွယ်လွယ်နဲ့ လစ်လို့ရတာ
ညောင်ပင်ကြီးဆီသို့ သွားရန် လမှုန်မှိ မှုန်မွှားအောက်တွင် ဆုံမိကြသောအခါ
လူစုံပြီ ။ ညောင်ပင်ကြီး ကို သွားမယ် ။
အေး ။ သရဲ ချောက်ယင်မကြောက်တန်း ဟေ့ ။
အေးပါကွ


ညောင်ပင်ကြီးအနီးသို့ရောက်လျှင်စိတ်ချောက်ချားကာ အလိုလိုရပ်တန့်သွားကြပြီး ညောင်ပင်ကြီးဘက်ကိုပင် မကြည့်ရဲကြပေ။
ထို့ကြောင့် စုရုံး ခေါင်းငုံ့ပြီး စိတ်တင်းကာ တိုင်ပင်၍ ဆုံးဖြတ်ချက်ချကြ၏။
ဒီရောက်ဖြီးမှတော့ - မပြန်ဘူး
ဖြန့်ယင်-သတ္တိမရှိရာ ကျမှာပေါ့
ယောက်ျားဘဲကွာ - သွားမယ်
ငါ့ဆီမှာ-ဒိုင်းလေး လက်ဖွဲ့ ပါလာတယ်။ သရဲနိုင် သတဲ့။ လာ-သွားမယ်။ ခါးဖက်ထားကြ
တယောက်ခါး တယောက် ဖက်ကာ အားတင်းပြီး မော့ကြည့်လိုက်သည်နှင့် တပြိုင်နက်
ဟာ
ဟေ
ဟော
ဟယ်
ကြောက်လန့်တုန်လှုပ်ချောက်ချားသွား၏။
ညောင်ပင်ကြီးအောက်၌ ပြာသာဒ်အမိုးတခု ရုတ်ချည်းဘယ်က ပေါ်လာသနည်း။
တကြိုးတည်း လှည့်ပြီး တင်ပါးနှင့် ဖဝါး တသားတည်းကျအောင် ထွက်ပြေးကြ၏။
ဖုတ်
ဖုတ်
ဖုတ်
ဖုတ်
ဖုတ်



မြေးရင်းရွှားရင်းညွှန်း
မိတ်ထဲတွင်လည်း
အတွေးခေါင်နေကြ၏။
.....ဟျာ-အရှေ့ကြီး ထွက်လာမြီး
ဖိကိုဖမ်း မလား
"ဂျွတ်"
ခနဲ
ဂုတ်ချိုးမြီး
ဖျား-စားမလားနဲ့.....အမလေး မျိုးပေါ့
သူတို့တဖုတ်ဖုတ်နှင့် ပြေးလွှားသံကြောင့် ရွာထဲမှ ခွေးများမှာ တကောင်ကစ၍ လမ်းတလျှောက်လုံး ဟောင်ကြ၏။
ဝုတ် ဝုတ်
ဖုတ် ဖုတ်
ဟဲ့ခွေး
ဟဲ့ခွေး
တောက်!
ဟဲ့ခွေး
ဟဲ့ခွေး
တယ်--
ဒီကောင်လေးတွေ
ခွေးတွေကို
စ,မြို့
မြေ့ကြ
တယ်
ထင်တယ်
လူသံကြားမှ သရဲမဟုတ်ကြောင်း သိ၍--
ဦးပေသီးလား
ဘာလုပ်
တာလဲ-ဒါ
သဘက်ဒါ-ကွင်းထဲမှာ
ဘုန်းကြီးပျံရှိတယ်လေ
ဒါကြောင့်-ဒီ-စက္ကူ-ဝါး
ပြာသာဒ်တွေ-ညဘက်-လူ
ရှင်းတုန်း-သွားဆင်
မလို့--
သူတို့ခေါင်းချင်းဆိုင်၍ တိုင်ပင်နေစဉ် ညောင်ပင်ကြီးအလွန် လမ်းကြားမှ စပ်ဆရာကြီး ဦးပေသီးသည် စက္ကူဝါးပြာသာဒ်တွင်း ဝင်၍ ထမ်းလာကြောင်း ရိပ်မိပြီး---
ဝါး.....ဟား ဟား-ဟားဟား ဟားဟား


ကျားသစ်နှင့်ကျား
ကျားသည် သူ၏ အဝါတွင် အနက်စင်းနှင့် အရေကြီးကို ငြီးငွေ့ မိလေသည်။
တခါတုန်းက ကျားတကောင် ရှိလေသည်။
တနေ့လာလဲ ဒါဘဲ- တနေ့လာလဲ ဒါဘဲ၊ အလိုများ ဒို့ရဲ့ဘိုးဘေးတွေဟာ- ဒီအဆင်ကြီးကို ရွေးရတယ်မသိပါဘူး စိတ်ပျက်စရာဘဲ
ကြည့်လိုက်တိုင်း မျက်စိထဲမှာ အစင်းတွေဘဲ မြင်နေရတယ်၊ ဒီအရေကြီးကို လဲလို့ရယင်ကောင်းမှာဘဲ
ကျားသည် လမ်းလျှောက်ထွက်ရာ လမ်းတွင် ကျားသစ် တကောင်နှင့် တွေ့လေ၏။
အဆွေ ကျားသစ်-နေလို့ ကောင်းရဲ့လားဗျ
နေလို့တော့ကောင်း ပါတယ်ဗျာ
ဒါပေမဲ့
ကျုပ်နော့်မှာ၊ တနေ့လာလဲ ဒီအစက်တွေနဲ့၊ ကြာတော့ မျက်စိထဲမှာတောင် အစက်တွေဘဲ မြင်နေတော့တာဘဲဗျာ၊ ခင်ဗျားလို အစင်းလေး ဘာလေးဝတ်ရယင် တော်အုံးမယ်
ဟင်
ကျုပ်နော်လဲ-ကျုပ်နော့်ရဲ့ အစင်းတွေကိုငြီးငွေ့နေတာဘဲ ခင်ဗျားလို အစက်ကလေးများ ဝတ်ရယင် သိပ်ကောင်းမှာဘဲ ဗျာ၊


ကျားနှင့် ကျားသစ်တို့သည် စကားတပြောပြောနှင့် လမ်းလျှောက်လာရာ လမ်းတွင် မြေခွေးတကောင်နှင့် တွေ့၍ အကူအညီတောင်းလေသော်—
လာဗျာ၊ လမ်းလျှောက်ရင်း ကျနော် အကြံ ထုတ်ကြည့် ပါအုံးမယ်
တနေရာသို့ ရောက်သောအခါ
ဟောဟိုမှာ- တောလိုက်သမားတွေ အခြောက်လှန်းထားတဲ့- ကျားသစ်သားရေအချပ်နဲ့ ကျားသားရေအချပ်ပါလား၊ အတော်ဘဲဗျိုး
မြေခွေးက အရေခွံနှစ်ခုကိုယူကာ ဝတ်စုံများ ချုပ်ပေးလိုက်၏။
ကဲ- ခင်ဗျားတို့နဲ့ အနေတော်ဖြစ်အောင် ကျနော်ကြံဖန်ပြီး ချုပ်ထားတာဘဲ၊ တော်မတော် ဝတ်ကြည့်ကြပါအုံး ဟဲဟဲ
ကျေးဇူးပါဘဲ
ကျားနှင့် ကျားသစ်သည် ဝတ်စုံများကို ဝတ်ကြည့်ရာ
ခုမှဘဲ အစက်လေးတွေ ဝတ်ဖူးတော့တယ်
ဘယ့်နှယ်တုံ ကျား ကျယ်အစင်းလေးတွေနဲ့ မလှဘူးလား
လှပါ့ ကိုကျားသစ်ရယ်
နောက်တနေ့ လမ်းလျှောက် ထွက်ကြစဉ်—
ဟိုက်! ဟိုမှာ မုဆိုးတွေဗျိုး၊ ပြေးကြစို့- ကိုကျားရေ၊
ဒါပေါ့
ကျားသစ်သည် သူ့သဘာဝ အတိုင်း သစ်ပင်ပေါ်သို့ တက်ပြေး၍ ကျားကလည်း သူ့သဘာဝအတိုင်း ဝါးရုံကြားထဲ သို့ ဝင်ပြေး၏။


သို့သော် ကျားသစ်မှာ သူ့ဝတ်ထားသော ကျားရေ၏ အစင်းများက သူ့ကို ကာကွယ်မှု မပေးနိုင်ပေ။
ဟေ့ဟိုမှာ-အဝါစင်းကြီးမတွေ့ဘူးလား ပစ်ကွ
ဒိုင်း
ကျားသစ်သည် အတင်း ရုန်းပြေးလိုက်ရာ ကျားအရေခွံ ကျွတ်ကျန်ခဲ့သဖြင့် မုဆိုးများမှာ မျက်စိလည်သွားတော့သည်။
ဟာ-ဘယ်ရောက်သွားပလဲ
မထိလိုက် တော်ပါသေးရဲ့-ဟူး
ထိုအတူ ကျားမှာလည်း သူ့ဝတ်ထားသော ကျားသစ်ရေမှ အစက်များကြောင့် ဝါးရုံထဲ ဝင်ပုန်းနေသော သူ့အား မုဆိုးများက အလွယ်တကူ တွေ့သွား၏။
ကံကောင်း ထောက်မသဖြင့် ကျည်ဆံသည် ကျားကို မထိပဲ ကျားသစ်အရေခွံကိုသာ ရှပ်ထိသောကြောင့်
ကျားအရေခွံ နှစ်ခြမ်းကွဲ၍ ကျွတ်သွားပြီး အသက်ဘေးမှလွတ်အောင် ပြေးနိုင်တော့သည်။
တော်သေးရဲ့
ခုလိုငါ့အဝါစင်းတွေနဲ့မှ-ဝါးရုံတောမှာ ဘယ်သူမှ မမြင်နိုင်မှာ
နောက်တနေ့တွင်ကျားနှင့်ကျားသစ်တို့ လမ်းလျှောက်ထွက်ရင်း ပြန်ဆုံကြသောအခါ
ကျနော့်အဖို့ အစင်းကကောင်းပါတယ်ဗျာ
ဟုတ်တယ် ကျနော့်အဖို့လဲ အစက်အပြောက်ဟာ အကောင်းဆုံးပါဘဲ ကိုယ့်ရှိတာနဲ့မကျေနပ်ခဲ့လို့ သေဘေးနဲ့နီးခဲ့ကြတာဗျနော်

# ပင့်ကူ



ရေး/ဆွဲ

ပင့်ကူသည် ပိုက်ကွန်သဖွယ်ရှိသော အိမ်ကို ကိုယ်တိုင်ရက်လုပ် နေထိုင်လေ့ရှိသည့် သတ္တဝါကလေးများ ဖြစ်၏။ ယင်းတို့သည် အင်းဆက်ပိုးမျိုး မဟုတ်ချေ။

ပင့်ကူသည် လူကို အန္တရာယ်ပေးခဲသည်။ ဘေးပြု ပိုးမွှားများကိုပင် သုတ်သင်ပစ်လေ့ရှိခြင်းကြောင့် လူတို့ကို များစွာ အကျိုးပြုလျက် ရှိပေသည်။ ပင့်ကူနက်တမျိုးသာလျှင် ထိပါးလာသူကို ကိုက်ထတ်ပြီး အဆိပ်လည်း ပြင်းသည်။

ပင့်ကူများကို ကမ္ဘာပေါ်တွင် အနှံ့အပြား တွေ့ရှိနိုင်၏။ ကျောက်ဖြစ် ရုပ်ကြွင်းများကို လေ့လာခြင်းဖြင့် နှစ်သန်းပေါင်း များစွာကပင် ပင့်ကူများ ရှိခဲ့ကြောင်း သိရသည်။

ပင့်ကူ အရွယ်အမျိုးမျိုးရှိ၏။ အပူပိုင်းဒေသရှိ ပင့်ကူကြီးတမျိုးမှာ ခြေတံတဖက်လျှင် ရှစ်လက်မခန့်ပင်ရှိလေသည်။




ပင့်ကူသည် ခြေတံရှည် ရေညှောင့်ကောင်၊ ကမျဉ်းနီကောင်တို့နှင့် မျိုးရိုးနီးစပ်၍၊ ကင်းမြီးကောက်၊ ကနန်းတို့၏ အလှမ်းဝေးသော ဆွေမျိုးများဖြစ်ပြီး အာသရိပေါ့ဒ်ခေါ် "အရင်းဆက် ခြေတံပွား" တိရစ္ဆာန်များ၏ အနွယ်ဝင်ဖြစ်သည်။ ဝမ်းပိုင်းတွင် နှလုံး၊ အူ၊ အသက်ရှူလမ်းကြောင်း၊ မျိုးဆက်ပွားအင်္ဂါနှင့် အိမ်ရက်လုပ်ဖို့ ပိုးမျှင်သိုလှောင်ခန်းများ ပါရှိသည်။ ရင်ပိုင်းနှင့်ဆက်လျက် ခြေတံလေးစုံ ပါရှိသည်။ ခြေတံများ၌ အဆစ်များရှိ၍ အဖျားတွင် လက်သည်းကဲ့သို့ ဆူးကုပ်များ ပါရှိသည်။ ဦးပိုင်း၌ မျက်စိရှစ်လုံးနှင့် နှုတ်ခမ်းမွေးသဏ္ဌာန် လက်တံတို နှစ်ချောင်းရှိပြီး ယင်းတို့အကြား၌ အဆိပ်ပါရှိသော အစွယ်နှစ်ချောင်း ရှိ၏။ သို့သော် များစွာ


















သော ပင့်ကူတို့၏ အဆိပ်သည်
ခြင်ဆိပ်ထက် ပို၍မပြင်းချေ။



ဝမ်းပိုက်အောက်ဖက်၌ လေရှူပေါက် နှစ်ပေါက် ရှိသည်။ နောက်နား၌ ပိုးမျှင်ထုတ်သည့် အပေါက်သုံးစုံရှိသည်။ ယင်းတို့မှ ပိုးချည်ရည်ကို ညှစ်ထုတ်ပြီး အိမ်ဖွဲ့သည်။ ထိုပင့်ကူအိမ်ကား ထောင်ချောက်ပင် ဖြစ်၏။ ပင့်ကူသည် ထောင်ချောက်၏ အလယ်မဟုတ်၌ဖြစ်စေ၊ တဖက်ဖက်တွင်ဖြစ်စေနေ၍ ကပ်ငြိလာမည့် ပိုးကောင်ကို စောင့်နေ၏။ မိငြိသိုလျှင် ချည်မျှင်ဖြင့် ထပ်မံရစ်ပတ်ပြီးမှ စားလေ့ရှိသည်။ စားသည်ဆိုရာ၌ ပိုးကောင်၏ ကိုယ်မှ အရည်ကို စုတ်ယူခြင်းသာ ဖြစ်၏။


ပင့်ကူမျှင်သည် အရှယ်နှင့်စာလျှင် အလွန် ခိုင်ခံ့၏။ တလက်မ အလုံးရှိမည့် ပင့်ကူမျှင်သည် အလေးချိန် ၇၄ တန်ကို ချီမနိုင်မည်ဖြစ်၍ သံကြိုးထက်သုံးဆပို၍ သန်စွမ်းပေသည်။

ပင့်ကူသည် အိမ်ဖွဲ့သည့်အခါ မြင့်ရာသို့တက်ပြီး ပိုးချည်မျှင်ကို လေထဲသို့ ထုတ်လွှင့်လိုက်သည်။ တစုံတခုတွင် အစတဖက်ကပ်ငြိသည့်အခါ သွယ်တန်းမိသော ကြိုးတန်းမှ ကူးသန်းကာ အိမ်ကို ရက်လုပ်သည်။ ''လေဟုန်စီးပင့်ကူ'' မျိုးကား သူ၏ ချည်မျှင်ကို တွဲလောင်းခိုကာ လေထဲ၌ လိုက်ပါနိုင်၍ ကမ်းဝေးပင်လယ်ပြင်ပေါ်၌ပင် တွေ့မြင်ရတတ်၏။





များသော အားဖြင့် ပင့်ကူမများက အိမ်ဖွဲ့၍ ပိုးကောင်များကို ဖမ်းယူလေ့ရှိသည်။ ပင့်ကူမသည် ပိုးမျှင်အိတ်ထဲတွင် ရာပေါင်းများစွာသော ဥများကိုအု၍ အဖိုက မျိုးစေ့ရည်ချပေးသည်။ တွင်းအောင်း ပင့်ကူမျိုးသည် ချည်မျှင်ထွေးဖြင့် တွင်း အဖုံးလုပ်ကာ ပိုးကောင်ကို ဖမ်းစားလေ့ရှိသည်။ ပင့်ကူသည် ဇာတ်တူသားကိုလည်း စားလေ့ရှိ၏။ ပင့်ကူကို ရန်မူလေ့ရှိသော တိရစ္ဆာန်အချို့တွင် နကျယ်ကောင်သည် အဆိုးဆုံး ဖြစ်လေသည်။





လိပ်ပြာကလေးသုံးကောင်
ကာတွန်းမြဖေ ရေးဆွဲသည်
တခါတုန်းက လိပ်ပြာကလေး သုံးကောင်ရှိသည်၊ တကောင်မှာ အနီ၊ တကောင်မှာ အဝါနှင့် နောက် တကောင်မှာ အဖြူ ဖြစ်လေသည်။
လိပ်ပြာကလေးသုံးကောင်သည် နေရောင်တွင် ဟိုပန်းမှ သည်ပန်းသို့ ကူးကာ ပျံဝဲနေကြ၏။
သူတို့သည် ပျော်ရွှင်နေကြ၍ ညောင်းသည်ဟူ၍ မရှိကြပေ။
ဆက်ဝဲကြအုံး စို့ဟေ့
ထိုစဉ် ရုတ်တရက် မိုးရွာချလိုက်ရာ
ဟာ။
လိပ်ပြာကလေးများမှာ အိမ်သို့ မပြန်နိုင်ပဲ ခိုလှုံစရာသာ ရှာရတော့သည်။
ဒီနားတဝိုက်ကလဲ ပန်းပင်တွေချည်းဘဲ သစ်ပင်ကြီးကြီးကိုမရှိဘူး


မကြာခင်
ဟာ- ဟိုမှာ- ကြာမြုပ်ပွင့်ကြီးဆီ အကူအညီတောင်းရအောင် -
ကြာမြုပ်ကြီးရယ် ကျွန်ုပ်တို့ကိုသနား သဖြင့်ပွင့်ဖတ်များကိုနဲနဲကလေးဖွင့် ပေးပါ- မိုးခဏခိုပါရစေ-
အေး- လိပ်ပြာမြူကလေးဟာငါနဲ့တူလို့ ဝင်နိုင်တယ်- ဒါပေမဲ့ ငါနဲ့မတူတဲ့ နှစ်ယောက်ကိုတော့ လက်မခံနိုင်ဘူး-
ကျွန်ုပ်ရဲ့ မိတ်ဆွေတွေကို လက်မခံယင်တော့ မိုးအစိုခံမယ်- သူတို့နဲ့ခွဲပြီးတော့ မိုးမခိုဘူး
မိုးသည် ပိုမို၍ သည်းထန်လာလေသည်။ လိပ်ပြာလေး သုံးကောင်မှာ မိုးခိုစရာ ရှာတုန်းပင် ဖြစ်လေသည်။
ထို့နောက်
ဟိုမှာ "သစ္စာပန်း" ရယ်ဟေ့- သူ့ဆီမှာ-အကူညီတောင်းမယ်


သစ္စာပန်းဥယျာဉ်
ကျွန်ုပ်တို့ကို---
အနီနဲ့အဝါကိုလက်ခံမယ်
အဖြူကိုတော့---
ကျွန်ုပ်တို့ဂါ
မိတ်ဆွေကိုလက်မခံ
ယင်တော့ ခင်များအိမ်မှာ
မိုးမခိုတော့ပါဘူး
ထိုစကားများကို မိုးရိပ်များကြားတွင် ပုန်းနေသော နေမင်းက ကြားသွား၏။
အလိုလိုပ်ပြ
ကလေးတွေဟာတော့
အပေါ်ကတိုးအလှည့်
ညှာတာပါကလားဒီလို
သူတွေဟာ ဥက္ကမစတွေ့သင့်ဘူး
ထို့ကြောင့် လေမင်းအား မိုးတိမ်များကို ဖယ်ရှားပေးရန် မေတ္တာရပ်ရာ လေမင်းကလည်း စေတနာ ပြည့်ဝစွာဖြင့် —
မိုးသားများ လွင့်သွားသောအခါ မိုးရွာလည်း ရပ်သွားတော့သည်။ လိပ်ပြာကလေး သုံးကောင်မှာလည်း ပျော်ရွှင်မြူးတူး၍ နေကြတော့၏။
ပြီး




ကျောက်ခေတ်ဟု ခေါ်သော သမိုင်းမတင်မီခေတ်ကာလကို သုံးပိုင်း ခွဲခြားထားသည်။ ကျောက်ကြမ်းခေတ်၊ ကျောက်ခေတ်လယ်နှင့် ကျောက်ချောခေတ်ဟူ၍ ဖြစ်သည်။


တောင်ကြီးခရိုင် ရေငံမြို့နယ် ညောင်ကြတ်ရွာ အရှေ့မြောက်ဖက် လေးမိုင်အကွာရှိ ပြဒါးလင်းဂူတွင် ကျောက်ချောခေတ် ဂူနေလူတို့၏ သမိုင်းအထောက်အထားများကို တွေ့ရှိရသည်။

ပြဒါးလင်း ဂူကို ၁၉၆၉ ခု ဇန်နဝါရီလအတွင်း၌ ပညာရှင်များ စုပေါင်းကွင်းဆင်းလေ့လာခဲ့ကြသည်။ ပြဒါးလင်းဂူမှ ကျောက်ကွင်းများ၊ ကျောက်တူများ၊ လက်ကိုင်မဲ့ ဓဲခွပ်များ၊ ခုတ်စဉ်းကရိယာများ၊ တိရစ္ဆာန်အရိုးများ၊ မီးသွေးစများ၊ အိုးခြမ်းပဲ့များ၊ နံရံပန်းချီစသည်များကို တွေ့ရှိခဲ့ကြသည်။

ပြဒါးလင်းဂူကို တွေ့ရှိခဲ့ခြင်းဖြင့် အရှေ့တောင်အာရှ နိုင်ငံများ၏ သမိုင်းမတင်မီခေတ် လူတို့ နေထိုင်ခဲ့ကြပုံကို ပိုမိုပေါ်လွင်စေခဲ့ပေသည်။


မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## မုံ့ဖိုးရပါတယ်



# အများအကျိုးရှိသောအလုပ်

ပန်းဝေဏုသိမ်



ကျွန်တော်သည် ငှက်ကလေးများအား လောက်လေးဂွဖြင့် ပစ်ရသည်ကို အလွန်ပျော်၏။ တခါတခါတွင် မထိ၊ တခါတခါတွင် ထိတတ်သည်။ ကျွန်တော်ပစ်၍ ငှက်ကလေးများဒဏ်ရာရသည့်အခါ၊ သေသည့်အခါ ကျွန်တော် အလွန်ဂုဏ်ယူသည်။ သူငယ်ချင်းများအား ပြ၍ မဆုံးတော့ပြီ၊ ကြွား၍ မဆုံးတော့ပြီ ဖြစ်၏။

အိမ်က လူကြီးများကိုမူ မပြရဲပါ။ လူကြီးများသည် ဆူတတ်ပါသည်။ ကျွန်တော်မပြောသော်လည်း သိသွားတတ်ကြပါသည်။ ကျွန်တော် အဆူခံရပါတော့သည်။

ကျွန်တော့်အဖွားသည် အဆူဆုံး ဖြစ်၏။ သူများ ဒုက္ခရောက်အောင် မလုပ်ရ၊ သူများအသက်ကို မသတ်ရ၊ သူများကို နာကျင်အောင်လုပ်လျှင် ကိုယ်လည်း နာကျင်အောင် အလုပ်ခံရတတ်သည်၊ သူများကို သတ်လျှင် ကိုယ်လည်း အသတ်ခံရတတ်သည်၊ ဝဋ်လိုက်တတ်သည်၊ ငရဲကြီးတတ်သည် စသည်ဖြင့် စုံ အောင် ပြော တတ် ၏။ သို့သော်လည်း ကျွန်တော်သည် ဝဋ်ကို နားမလည်ပါ။ ငရဲကိုလည်း မသိပါ။ အကျင့်ကိုလည်း မပြင်ခဲ့ပါ။

ကျွန်တော်တို့ ကျောင်းပိတ်သော နေ့တနေ့ ဖြစ်ပါသည်။ ရွှေတန်းမှ ရဲဘော်များ ပြန်လာမည်ဟု ပြောသံကြားရသည်။ တမြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ ကလေးလူကြီးမရွေး ဘူတာရုံသို့ ဆင်းကြိုကြ၏။ ဖေဖေ မေမေနှင့် အတူ ကျွန် တော်လည်း ဆင်းကြိုပါသည်။

ကျွန်တော်တို့ ဘူတာရုံသို့ ရောက်သွားသောအခါ စစ်သားကြီးများ မလာသေးပါ။ စောင့်နေကြရ၏။ နေပူသော်လည်း ဘယ်သူမျှ မညည်းကြပါ။ ဒိုးပတ်ဝိုင်းလည်း ပါ၏။ ပျော်ရည်တိုက်သူလည်း ရှိ၏။ ပန်းကုံးစွပ်မည့်သူ၊ ပန်းဆက်မည့်သူ၊ ပန်းကြဲမည့်သူတို့ကလည်း တမျှော်မျှော်ဖြစ်နေကြ၏။ ကျွန်တော်သည် အလွန်ပျော်သဖြင့် မေမေ့လက်ကို ဆွဲလျက် ခုန်ဆွခုန်ဆွ လုပ်နေသည်။ ထိုင်စောင့်ရသည်ကို အားမရကြသဖြင့် ထစောင့်နေကြ၏။

မကြာပါ။ ရထားကြီး လာပါပြီ။ အကုန် လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ စစ်သားကြီးများ ရထားပြတင်းပေါက်မှ ကိုယ်တပိုင်း ထွက်လျက်၊ လက်ပြလာသည်ကို အဝေးမှပင် မြင်ရ၏။ ဒိုးပတ်သံများကလည်း ကျယ်လာသည်။ ကသူကလည်း ကွေးအောင် ကသည်။

ရထားကြီး ရပ်လျှင် ပန်းများ ကြဲကြသည်။ မိုးရွာသည်နှင့်ပင် တူ၏။ စစ်သားကြီးများအားလုံး ပန်းတွေ ဝေဝေဆာဆာနှင့် ကြည့်၍ အလွန်ကောင်း

သည်။ ကျွန်တော်လည်း ထိုသို့ အကြိုခံချင်စိတ် ပေါ်လာ ပါသည်။ သူတို့ကို စိတ်ဝင်စားပါသည်။ သူတို့အကြောင်း ကျွန်တော် အများကြီး သိချင်ပါသည်။ ညကျမှ ဖေဖေ့ကို မေးရပါမည်။

"စစ်သားကြီးတွေက တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်နဲ့လဲပြီး စစ်တိုက် ပေးရတယ် သားရဲ့"ဟု ဖေဖေက ပြောပြပါသည်။

"ဖေဖေ စစ်တိုက်တယ်ဆိုတာ သေနတ်ကြီးနဲ့ လိုက်ပစ်တာပေါ့နော်"

"ဒါပေါ့သားရဲ့"

"ဒီလိုဆို ဟိုလူတွေ သေကုန်မှာပေါ့"

"သေတဲ့လူလဲ သေတာပေါ့ သားရဲ့၊ ကိုယ့်ကိုလဲ ဟိုဖက်က ပြန်တိုက်တော့ ကိုယ့်ဖက်ကလဲ သေတတ်တာပေါ့"

ဖေဖေ့စကားအဆုံး၌ ကျွန်တော့်စိတ်ထဲတွင် မရှင်းသည့် အချက်တချက် ပေါ်လာ၏။ ဖေဖေ့ကို ချက်ချင်းပင် ပြန်မေးလိုက်၏။ သားငှက်ပစ်ယင် အမြဲဆူတယ်၊ သူတို့ကော ငရဲမကြီးဘူးလား"

ကျွန်တော့်အမေးအဆုံးတွင် ဖေဖေသည် ပြုံးလိုက်ပါ၏။

"သူတို့က တိုင်းပြည်ရဲ့ ရန်သူတွေကို သတ်ရတာသားရဲ့။ အဲဒီ ရန်သူတွေကို သူတို့မှ မသတ်ယင် ရန်သူတွေက တတိုင်းပြည်လုံးကို ဒုက္ခပေးမှာပေါ့။ အများရဲ့ အကျိုးအတွက် စစ်သားကြီးတွေက တိုက်ပေးရတာ၊ သတ်ပေးရတာ၊ ဘယ်ငရဲကြီးပါ့မလဲ။ သား ငှက်ကလေးတွေကို ပစ်တာမျိုးကျတော့ ငရဲကြီးတာပေါ့။ ငှက်ကလေးတွေ ဒဏ်ရာရသွားလို့ သေသွားလို့ သားမှာဘာအကျိုးရှိသလဲ။ သားပျော်ဖို့ တခုထဲရှိတယ် မဟုတ်လား။ သားပျော်ဖို့ တခုလေးအတွက် လုပ်တာမျိုးတော့ ဘယ်ကောင်းမလဲသားရဲ့၊ သားစဉ်းစားကြည့်ပါအုံး"

"ငရဲကြီးမယ် မလုပ်သင့်၊ ဝဋ်လိုက်မယ်မလုပ်သင့်"ဟု ဖွားဖွားပြောသော ငရဲကို ကျွန်တော် မသိပါ။ ဝဋ်ကို ကျွန်တော် နားမလည်ပါ။ သို့သော် ဖေဖေ ပြောမှ ဘာကြောင့် မလုပ်သင့်သည်ကိုမူ ကျွန်တော် နားလည်လာပါသည်။ ကိုယ်လည်း အကျိုးမရှိ၊ အများလည်း အကျိုးမရှိသော အလုပ်မျိုးကို ကျွန်တော် နောက်နောင် မလုပ်တော့ပါ။ ကျွန်တော် ကြီးလာလျှင် စစ်သားကြီးတို့လို တိုင်းပြည်အတွက် အကျိုးရှိသော၊ အများအတွက် အကျိုးရှိသော အလုပ်မျိုးကိုသာ လုပ်ပါတော့မည်။

\+ \+ \+

## ပြည်ထောင်စု

ပြည်ထောင်စု ပြည်ထောင်စု၊
မောင်တို့ပြည်ထောင်စု။

ဆွေမျိုးတစု နေကြတယ်၊
ချစ်ကြိုးအသွယ်သွယ်။

ပင်လုံမယ် ကတိထား၊
ပြည်နယ်ပြည်မ မခွဲခြား။

ဗိုလ်ချုပ်သွားလို့ စုစည်းရှာ၊
တိုင်းရင်းသားတိုင်း ညီညီညာ။

ရှမ်း - မြန်မာနဲ့ ချင်း - ကချင်၊
ရခိုင် - မွန် - ကရင်။

ထာဝစဉ် ဘယ်မခွဲ၊
ရှေ့သို့အတူတွဲ။


တမြေထဲနေ တရေသောက်၊
လက်တွဲအတူလျှောက်။

မကြောက်ရတော့ နယ်ချဲ့ရန်၊
စုပေါင်း ဗိုတွန်းလှန်။

အပြန်ပြန် အကျိုးပြု၊
ဒို့ရဲ့ပြည်ထောင်စု။ ။

ဒုဋ္ဌဝတီ မြသောင်း







# စာမဲ

စာမဲ၏ အလျားမှာ ခြောက်လက်မခွဲခန့် ရှိ၏။ စာမဲ အထီးတွင် သံပုရာခွံ ဦးထုပ်ပုံ အမောက်ကို တွေ့ရ၏။

စာမဲသည် ဆူဆူညံညံ မနေတတ်။ အသံမှာ သေးငယ်စူးရှ၏။ ဧပြီလမှ ဇွန်လအထိသုံးလအတွင်း စာမဲသားငယ်များ ဥမှ ပေါက်၏။ သစ်ကိုင်းသစ်ခက်ပေါ်တွင်၎င်း၊ ဝါးရုံထဲတွင်၎င်း မြက်နုနှင့် အမျှင်များဖြင့် အသိုက် ပြုလုပ်တတ်၏။ ယင်းတို့၏ အသိုက်သည် ခွက်ကဲ့သို့ စောက်နက်သည်။ ဥအရွယ်မှာ ပျမ်းမျှ အလျား ၀.၈၉ လက်မနှင့် ဖြက် ၀.၅၃ လက်မရှိသည်၊ တမြုံလျှင် သုံးဥ လေးဥ ရှိတတ်၏၊

စာမဲသည် တခါတရံမှသာ အအုပ်အသင်းဖွဲ့၍ အစာရှာထွက်၏။ မကြာခဏ အမြီးကို ဖြန့်လျက် နေတတ်သည်။ စာဖြူကဲ့သို့ပင် စာမဲကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရ၏၊ မြန်မာနိုင်ငံတွင် မြောက်ပိုင်းဒေသမှလွဲ၍ အခြားဒေသများတွင် စာမဲကို တွေ့မြင်နိုင်၏။ မြိတ်ကျွန်းစုတပိုက်တွင် မြိတ်စာမဲကို တွေ့ရ၏။

စိုးမြင့်





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/